၂၇ ကြိမ်မြောက်တနင်္ဂနွေ အောက်တိုဘာ ၈ ရက် ၂၀၂၃

ကျမ်းစာထောက်ရှုခြင်း

ဒီကနေ့ ဖတ်ရှုရတဲ့ကျမ်းစာတွေရဲ့ဘုံအနှစ်ချုပ်ကတော့ ခရစ်ယာန်ဘဝအသက်တာမှာ အသီးသီးရမယ်ဆိုတာ မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်ပြီး ဝိညာဉ်ရေးရာမှာခန်းခြောက်ခြင်း၊ ဗကျူးရှူးမသိတတ်ခြင်း၊ ဆိုးသွမ်းခြင်းများအတွက်၊ နောက်ဆက်တွဲက ဒဏ်ပေးခြင်းဘဲဖြစ်တယ် ဆိုတာပါဘဲ။

ဒီနေ့ ပထမကျမ်းရဲ့အနှစ်ချုပ်ကတော့ ပရောဖက်က ဘုရားရှိ ဂရုစိုက်ခြင်း၊ ကြည့်ရှုစောင့်ရှောက်ခြင်းနဲ့ လူတွေဆီကနေ ဘုရားရဲ့မျှော်လင့်ခြင်းကို ဖော်ပြတဲ့ကျမ်းချက်များဖြစ်ပါတယ်။ ဘုရားရွေးကောက်တော်မူခဲ့သော လူမျိုးတော်ဟာ ကျေးဇူးတော်များစွာခံစားခဲ့ရသော်လည်း၊ ဘုရားရဲ့မေတ္တာတော်နဲ့ အခွင့်လွတ်ခြင်းကို ခံစားခဲ့ကြရသော်လည်း အသီးသီးဘို့ ပျက်ကွက်ခဲ့ကြတယ်။ ဒါ့ကြောင့် ဘုရားတောင်မှ ညည်းတွားခဲ့ရပါတယ်။ (ကောင်းသောစပျစ်သီးများ သီးရန် ကျွန်ုပ်မျှော်လင့်ခဲ့ပါတယ်။ ဘာလို့ချဥ်သောအသီးကို သီးကြရတာလဲ။)

ဒုတိယကျမ်းမှာကျတော့ သံပေါလူးက ဖိလိပ်ပိမြို့သားတို့ထံမှ ကြီးမားတဲ့မျှော်လင့်ခြင်းကို ထားရှိတယ်ဆိုတဲ့အကြောင်း အသီးသီးသော ခရစ်ယာန်တွေဖြစ်ဘို့အတွက် သူတို့ကို သတိပေးထားပါတယ်။

ဒီကနေ့ဧဝံဂေလိကျမ်းပိုဒ်က ဝမ်းနည်းစရာကောင်းသလို၊ သတိပေးခြင်းနဲ့ဆိုင်တဲ့အရာလည်း ဖြစ်ပါတယ်။ များစွာသော ကျွန်ုပ်တို့ဟာ ခရစ်ယာန်များ (သို့) ဘာသာဝင်များဆိုတဲ့အမည်နာမကို ခံယူထားကြသော်လည်း ( မက်ဆီးယားဆိုတဲ့ရတနာကို) ရထားကြသော်လည်း ရွေးကောက်ခြင်းခံထားရသော သူများဖြစ်လင့်ကစား၊ ကိုယ်တော်ကို ကျွန်ုပ်တို့ငြင်းပယ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးနဲ့ပတ်သက်တဲ့ ကျွန်ပ်တို့ရဲ့မျှော်မှန်းချက် မပြည့်စုံလို့ဘဲဖြစ်ပါတယ်။ အီဇရာအဲလူမျိုးတွေဟာ ကိုယ်တော်ကို ဂျူးတွေထဲကဂျူး၊ ထင်ရှားတဲ့သက်သေသာဓကတွေရှိပေမဲ့ ကိုယ်တော်ရဲ့ရှင်ပြန်ထမြောက်ခြင်းကို

ငြင်းပယ်ခဲ့ကြပါတယ်။ ဘုရားသားတော်ဖြစ်တယ် ဆိုတာကိုလည်း ငြင်းပယ်ခဲ့ကြတယ်။ မက်ဆီးယားသခင်ဖြစ်တယ်ဆိုတာကိုလည်း ငြင်းပယ်ခဲ့ကြတယ်။

ဗနာက်တချက်ကတော့—များစွာသော အီဇရေးအဲလ်လူတွေဟာ အသီးမသီးတဲ့အတွက်ကြောင့် (တနည်းအားဖြင့် ဘာသာပလူတို့အတွက် အလင်းဖြစ်ရမယ်ဆိုတဲ့ ခေါ်တော်မူခြင်းခံရတဲ့အတိုင်း သူတို့က မတုန့်ပြန်လို့) ဘုရားရဲ့စပျစ်ဥယာဉ်ဟာ ဘုရားလိုချင်တဲ့အသီးအပွင့်တွေနဲ့ ဝေဆာမဲ့ တပါးသောသူတို့ဆီသို့ ပေးအပ်ခြင်းခံခဲ့ရပါတယ်။ ဘုရားရဲ့နိုင်ငံတော်အတွက် စစ်မှန်တဲ့အသီးကို ရိတ်သိမ်းကြမဲ့လူတွေဖြစ်ပါတယ်။

လိုအပ်တဲ့အသီးကိုသီးဘို့ လောကကမ္ဘာဆီသို့ လောကရဲ့အလင်းအဖြစ် အမှန်တရားကို သူတပါးတို့ဆီရောက်အောင် ပို့ဆောင်ဘို့ ဆိုတဲ့တာဝန်က အမြဲတမ်း စိန်ခေါ်မှုတရပ်လိုရှိနေပါတယ်။ ကျွန်ုပ်တို့မှာ စိတ်ထက်သန်မှုမရှိတော့ဘူး၊ အလင်းတရားပျောက်ကွယ်သွားမယ်ဆိုရင်၊ အသီးမသီးတဲ့ ရွေးကောက်ခြင်းခံရတဲ့ အီဇရေးအဲလ်လူတွေလိုဖြစ်သွားမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ ယုံကြည်သူတွေဖြစ်တယ်ဆိုပေမဲ့ ယုံကြည်တဲ့အတိုင်း အသက်ဝင်စွာပြုမှုဘို့ ရပ်တန့်သွားလိုက်ခြင်းကြောင့်ဖြစ်ပါတယ်။

အီဇရေးအဲလ်လူမျိုးများရဲ့ ခေါ်တော်မူခြင်းခံရခြင်းဟာ၊ သူတပါးအပေါ် ကြီးစိုးအနိုင်ယူခြင်းမဟုတ်ဘဲ သူတပါးကိုအစေခံခြင်းအတွက်ဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့အချိန်ကာလမှာ ပရောဖက်နေရာယူထားတဲ့သူတွေကို ဘယ်လိုဘယ်ပုံ ပြုမူဆက်ဆံသလဲ—မေးစရာရှိပါတယ်။ လွန်လေခဲ့ပြီးသော ရာစုနှစ်များအတွင်းမှာ သာသနာတော်အတွင်းမှာရှိတဲ့ ပရောဖက်တွေရဲ့တာဝန်ကို ထမ်းဆောင်ခဲ့တဲ့သူများ ငြင်းပယ်ခြင်း၊ မတော်မတရားပြုမူခံရခြင်း၊ အသေသတ်ခြင်းများကို ခံခဲ့ရပါတယ်။ ဒီကနေ့ဧဝံဂေလိကျမ်းက တချို့သော သမိုင်းအဖြစ်အပျက်များကိုသတိရစေပါတယ်။ သမိုင်းမှာ ဂျုံးအော့အားရ်စ်၊ ဗသာမတ်စ်မိုးရ်၊ အော်လီဗားပလုမ်းခက်၊ ဆရာတော် အော်စကာရိုမေရို၊ မာတင်းလူသာကင်း၊ ဒါ့အပြင် မရေတွက်နိုင်အောင် များပြားတဲ့ ခမ္မအာဇာနည်များစွာကို တွေ့ရပါတယ်။ ဝမ်းနည်းစရာကောင်းတဲ့အချက်က

ဒီလူတွေဟာ ဘာသာပလူတွေက သတ်တာမဟုတ်ဘဲနဲ့ ခရစ်ယာန်တွေကဘဲ ပြန်သတ်တာ ဘုရားရဲ့စပျစ်ဥယာဉ်ထဲမှာရှိတဲ့သူတွေကဘဲ ပြန်သတ်တာကို တွေ့ရပါတယ်။

ဆင်ခြင်ရန် ၁) ကျွန်ုပ်တို့ဟာ သာသနာတော်ကြီးရဲ့စပျစ်ဥယာဉ်မှာ ကောင်းသောအသီးကို သီးတဲ့ အပင်များဖြစ်ကြပါရဲ့လား။ ခရစ်ယာန်များ ကောင်းသောအသီးကိုသီးဖို့ သာသနာတော်ကြီးကို သခင်ဘုရားက လိုအပ်တဲ့အရာရာတိုင်းကို ပေးထားပါတယ်။ (၁) ဘုရားရဲ့အလိုတော်ကို သိနိုင်ဖို့ သမ္မာကျမ်းစာကိုပေးထားတယ် (၂) ဘုရားရဲ့လမ်းစဉ်ကိုညွှန်ပြဖို့ ရဟန်းများကိုပေးထားတယ်။ (၃) အပြစ်တွေကိုအခွင့်လွှတ်ပေးဖို့ ပြန်လည်သင့်မြတ်ခြင်း စက္ကရင်မင်တူးကိုပေးထားပါတယ်။ (၄) ဝိညာဉ်ရေးဆိုင်ရာစားသောက်စရာအတွက် ကိုယ်တော်မြတ် စက္ကရင်မင်တူးကို ဖန်ဆင်းပေးခဲ့ပါတယ်။ (၅) ယုံကြည်ခြင်းကို ရှဲဝုံ့စွာသက်သေခံဖို့ ခရစ်မားအားပေးခြင်းမင်္ဂလာကို ဖန်ဆင်းပေးခဲ့ပါတယ်။ (၆) မိသားစုအတွင်း ချစ်ခြင်းကို ဖလှယ်နိုင်ဖို့၊ အခြေခံအကျဆုံးသော သာသနာ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ဖို့ လက်ထပ်ခြင်း စက္ကရင်မင်တူးကို (၇) ဝိညာဉ်ရေးအသက်တာကို ခွန်အားပေးဖို့၊ ဘုရားအလိုတော်ရှိလျှင် စိတ်ရော ခန္ဓာကိုပါ ကျန်းမာခြင်းကိုပြန်လည်ရရှိစေတဲ့ ပရိတ်တော်ဆီလူးမှတ်ခြင်းကိုလည်း စီရင်ဖန်ဆင်းပေးခဲ့ပါတယ်။ (၈) ထောင်ပေါင်းများစွာသော ရဟန္တာတို့ရဲ့ ပုံသက်သေများကိုလည်း ပေးထားခဲ့ပါတယ်။ ဒီကျေးဇူးတော်များကိုအသုံးပြုပြီး ဘုရားအတွက် ကောင်းသောအသီးကို သီးရမှာ ဖြစ်ပါတယ်။

ဆင်ခြင်ရန် ၂) မိသားစုအတွင်းမှာ အသီးသီးသောသူ ကျွန်ုပ်ဖြစ်ပါရဲ့လား။ ကျေးဇူးတော်တွေကို အတူတကွဝေငှခြင်း၊ အချိန်နဲ့ ကိုယ်သိတဲ့တတ်တဲ့ အရည်အချင်းတွေကို မိသားစုဝင်တွေအတွက် အနစ်နာခံအသုံးပြုခြင်း၊ မိသားစုထဲမှာ နှိမ့်ချစွာနဲ့ ချစ်ခြင်းနဲ့တဦးကိုတဦးအစေခံခြင်း၊ တဦးကိုတဦးအသိအမှတ်ပြုခြင်းနှင့်အားပေးကူညီခြင်း၊ မိဘတွေကိုဂုဏ်ပြုခြင်း၊

နာခံခြင်း၊ ဒါတွေဟာ ကောင်းသောအသီးကိုသီးဘို့အတွက် အကြောင်းရင်းတွေဖြစ်ပါတယ်။ ဒါမှမဟုတ် မိသားစုထဲမှာ ကောင်းသောစပျစ်နွယ်ပင် ဖြစ်ပြီး ဘုရားရဲ့ဘုန်းတော်ဂုဏ်တော်ကို ဒီပြည့်စုံခြင်းများနဲ့အတူ ချီးမွမ်းထောပနာပြုခြင်း ဖြစ်ပါတယ်။

ဆင်ခြင်ရန် ၃) အောက်ပါမေးခွန်းများကို ကျွန်ုပ်တို့ ရင်ဆိုင်နိုင်ကြပါ့မလား၊ (၁) ကျွန်ုပ်တို့နဲ့ပတ်သက်ပြီး ဘုရားမျှော်လင့်တာတွေကို ပြည့်စုံအောင် ဆောင်ရွက်နိုင်ခဲ့ပြီလား၊ (၂) ကျွန်ုပ်တို့ဟာ ချိုသလား ချဉ်သလား၊ (၃) ကျွန်ုပ်တို့ကို ဘုရားပေးထားတဲ့ အရာရာတိုင်းအပေါ်မှာ ကျွန်ုပ်တို့ရဲ့စိတ်နေစိတ်ထား ဘယ်လိုရှိပါသလဲ၊ (၄) ကျွန်ုပ်တို့ကို ဘုရားပေးထားတဲ့ အရာရာတိုင်းအတွက် ကျေးဇူးသိတတ်ခြင်းရှိပါရဲ့လား၊ ဒါမှာမဟုတ် ကျေးဇူးမသိတတ်ဘဲ ကျွန်ုပ်တို့ကို ဘုရားပေးထားတဲ့ အရာရာတိုင်းဟာ ကိုယ့်ရဲ့ကိုယ်ပိုင်အရာတွေဘဲဆိုပြီး ထင်မှတ်ကြပါရဲ့လား (၅) တရားမျှတခြင်းကို နေ့စဉ်နေ့တိုင်းကျင့်ဆောက်တည်ကြပါရဲ့လား၊ (၆) ဘုရားရဲ့ဖြောင့်မတ်ခြင်းကို ကျွန်ုပ်သိမြင်ပါရဲ့လား (၇) သနားခြင်းကို ပြသဘို့ ကျွန်ုပ်သတိရပါရဲ့လား (၈) ခရစ်တော်ရှိနေခြင်းနဲ့ ခရစ်တော်ရဲ့မေတ္တာတော်ဟာ ကျွန်ုပ်တို့ရဲ့သာသနာနယ်ပယ်လေးထဲမှာ ပေါ်လွင်ထင်ရှားပါရဲ့လား၊ (၉) သူတပါးအပေါ် ကျွန်ုပ်တို့ရဲ့အသက်တာဟာ ဘယ်လိုသက်ရောက်ပါသလဲ (၁၀) မဿဲတရားတော်အတွင်းမှာ ဖြစ်သွားတဲ့အကြောင်းအရာတွေအပေါ်မူတည်ပြီး ကျွန်ုပ်တို့သာသနာနယ်ပယ်လေးရဲ့ အနှစ်သာရကို တိုင်းတာပါရဲ့လား၊ ဒါမှမဟုတ် ဘုရားကျောင်းထဲကနေ ထွက်ခွာသွားတဲ့အခါ ကျွန်ုပ်တို့နဲ့ပတ်သက်ပြီး ဘာတွေဖြစ်သွားပါသလဲ။

နှစ်ခုစလုံးကတော့ အရေးကြီးပါတယ်။

ကာဒီနယ်နူးမင်း– အသက်ရှင်ခြင်းသည် ပြောင်းလဲရန်အတွက်ဖြစ်သည်။ စုံလင်ခြင်းသည် မကြာခဏပြောင်းလဲခြင်းကြောင့်ဖြစ်သည်။

အိုအဖဘုရား–ကောင်းသောအသီးကိုသီးသော စပျစ်ပင်– ကောင်းသောခရစ်ယာန်